ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ SSE/ NM / ၂၇ / ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၁၄-၈-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ပဆ-၂/လက(DCA)ထွေ(၈/၆၅)

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၇-၈-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ SSE/NM/၂၅/၂၀၂၃

၁။ မြန်မာအလံလွှင့်ထူထားသည့် နိုင်ငံခြားခရီးစဉ်သွားသင်္ဘောများအနေဖြင့် Maritime Safety Information ၊ Navigational Warnings နှင့် Updated Notices to Mariners များကို သင်္ဘောတွင် တပ်ဆင်ထားသည့် ဆက်သွယ်ရေးကိရိယာများဖြစ်သော Satellite Communication Equipment များ၊ VHF/MF/HF ရေဒီယိုများ၊ DSC နှင့် Navtex Receiver တို့မှ နေ့စဉ်ပုံမှန်ရယူ၍လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ရေကြောင်းအာဏာပိုင်များ၊ သင်္ဘောကုမ္ပဏီနှင့် ကမ်းခြေစခန်းများမှ သတင်းပေးပို့ချက်များကို အချိန်နှင့်တစ်ပြေးညီရယူ၍ လည်းကောင်း ရေကြောင်းသတိပေးချက်များနှင့် မိုးလေဝသသတင်းအချက်အလက်များကို စဉ်ဆက်မပြတ်ရယူဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၂။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၎င်းတို့ရေတပ်၏ Firing Exercise အား ဘင်္ဂလား ပင်လယ်အော် အတွင်း ၁-၈-၂၀၂၃ ရက်နေ့မှ ၃၁-၈-၂၀၂၃ ရက်နေ့အထိ အပတ်စဉ် တနင်္လာ ၊ အင်္ဂါ နှင့် ဗုဒ္ဓဟူးနေ့များတွင် မြန်မာစံတော်ချိန် ၀၆:၃၀ နာရီမှ ၂၂:၃၀ နာရီအထိ ဆောင်ရွက်မည် ဖြစ်ကြောင်း ရည်ညွှန်း(၂)ပါစာဖြင့် ရေကြောင်းသတိပေးချက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၎င်းတို့ရေတပ်၏ Anti-Air Firing Practice အား ဘင်္ဂလားပင်လယ်အော်အတွင်း ၂၀-၈-၂၀၂၃ ရက်နေ့ ၂၀:၃၀ နာရီမှ ၂၁-၈-၂၀၂၃ ရက်နေ့ ၀၀:၃၀ နာရီအထိ ဆောင်ရွက်မည်ဖြစ်ကြောင်းထပ်မံထုတ်ပြန်လာပါသည်။

၄။ သို့ဖြစ်ပါ၍ ဗြိတိန်နိုင်ငံ UK Hydrographic Office (UKHO) က ကမ္ဘာနှင့်အဝှမ်း သက်ဆိုင်ရာနေရာဒေသအလိုက် ရေပုံ(Chart) အညွှန်းများဖြင့် အပတ်စဉ်၊ နှစ်စဉ်ပုံမှန် ထုတ်ဝေ လျက်ရှိသော Notices to Mariners အပြင် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်မည့် မြန်မာရေယာဉ်များအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံ တို့က အသီးသီးထုတ်ပြန်လျက်ရှိသော ရေကြောင်းသတိပေးချက် (Notice to Mariners) များ ကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် အောက်ဖော်ပြပါ Website များတွင် ဝင်ရောက်ကြည့်ရှုနိုင်

ပါကြောင်းနှင့် သတိပြုလိုက်နာရှောင်ရှားမောင်းနှင်နိုင်စေရေးအတွက် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာအပ်ပါသည်။

| | |
|---|---|
| မြန်မာနိုင်ငံ | – https://dma.gov.mm/category/notice-to-mariner/ |
| ဗြိတိန်နိုင်ငံ(UKHO) | – https://msi.admiralty.co.uk/RadioNavigationalWarnings |
| ဘင်္ဂလားဒေ့ရှ်နိုင်ငံ | – http://bnhoc.navy.mil.bd/notice-to-mariner |
| အိန္ဒိယနိုင်ငံ | – https://hydrobharat.gov.in/indian-notices-to-mariners/ |
| ထိုင်းနိုင်ငံ | – https://www.hydro.navy.mi.th/ntms/ntm.html |
| မလေးရှားနိုင်ငံ | – https://www.marine.gov.my/jlm/notice/mariners |

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်–ညွှန်ကြားရေးမှူး(SSE)